ဧကန်စင်စစ် များစွာလအ်နသ်(ကျိန်ဆဲခြင်း) ပြုသူများသည်
ကိယာမသ်နေ့တွင် (အခြားသူနှင့်ပတ်သတ်၍)
သက်သေခံခွင့်ရမည့်သူများ မဟုတ်သလို ၊
ရှဖာအသ်ကြားဝင်အသနားခံပေးခွင့် ရမည့်သူများလည်း
မဟုတ်ပေ။
အဗူဒရ်ဒါအ် (ရဿွိယလ္လာဟုအန်ဟု) ကဆင့်ပြန်ခဲ့သည်။ ကျွန်ုပ်သည် တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို ကြားသိခဲ့ရသည်။ ဧကန်စင်စစ်
များစွာလအ်နသ်(ကျိန်ဆဲခြင်း) ပြုသူများသည် ကိယာမသ်နေ့တွင် (အခြားသူနှင့်ပတ်သတ်၍)
သက်သေခံခွင့်ရမည့်သူများ မဟုတ်သလို ၊ ရှဖာအသ်ကြားဝင်အသနားခံပေးခွင့်
ရမည့်သူများလည်း မဟုတ်ပေ။
[صحيح] [رواه مسلم]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က လအ်နသ်ကျိန်ဆဲခြင်းမခံထိုက်သူအား
ကျိန်ဆဲခြင်းများစွာ ပြုလုပ်သူသည် ပြစ်ဒဏ်နှစ်မျိုး ခံစားရမည်ဖြစ်ကြောင်း
မိန့်ကြားတော်မူခဲ့သည်။ ပထမတစ်ခုမှာ - ကိယာမသ်နေ့တွင် ရှေးယခင်အွမ္မသ်သားများထံ
၎င်းတို့၏ ရစူလ်တမန်တော်များက အလ္လာဟ်အရှင်မြတ်၏ သတင်းစကားများကို
ပို့ဆောင်ခဲ့ခြင်းကြောင်း သက်သေခံခွင့် ရရှိမည်မဟုတ်ပေ။ ဤလောကတွင်လည်း
ဖစ်က်(မတရားပြုမှု‌ကြောင့်) သူ၏သက်သေခံချက်ကို လက်မခံအပ်ပေ။ ထို့ပြင်
အလ္လာဟ်အရှင်မြတ်၏ လမ်းတော်၌ ရှဟီးဒ်ဖြစ်ခြင်း၏ (အသတ်ခံရခြင်း၏) အခွင့်အရေးကိုလည်း
ရရှိမည်မဟုတ်ချေ။ ဒုတိယအချက်မှာ - ကိယာမသ်နေ့တွင် အခြားသော
မုအ်မင်န်သက်ဝင်ယုံကြည်သူများက ဂျဟန္နမ်ငရဲခံထိုက်သူများဖြစ်ကြသော မိမိတို့၏
မုအ်မင်န် ညီနောင်များအတွက် ရှဖာအသ်ကြားဝင်အသနားခံပေးချိန်တွင် သူသည်
ရှဖာအသ်ကြားဝင်အသနားခံပေးခွင့် ရရှိမည်မဟုတ်ပေ။
https://www.sunnah.global/hadeeth/my/show/5495